မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ၁၀.၀၇.၂၀၁၈

**(၂၀၁၇ - ၂၀၁၈ ) ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုအမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသည့် အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေး ကြေညာခြင်း**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၄-၆-၂၀၁၈) နေ့တွင် ကျင်းပသည့် ၂၆/၆/၂၀၁၇-၂၀၁၈ ကြိမ်မြောက် ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ (၂၀၁၇ - ၂၀၁၈) ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုအမြတ်ဝေစုအား မူလ အစု ရှယ်ယာတစ်စုလျှင် အမြတ်ဝေစုအဖြစ် ကျပ် (၂၀၀/-) အား ခံစားပိုင်ခွင့်ရှိသည့် အစုရှယ်ယာရှင်များကို **၂၀၁၈ ခုနှစ်၊ ( ဩဂုတ် ) လ၊ ( ၃၀ ) နေ့ ( အမြတ်ဝေစုခံစားခွင့်ရရှိမည့်ရက် ) (Record Date)** အရောင်းအဝယ်ပိတ်သိမ်းချိန်တွင် မြန်မာနိုင်ငံသားများဘဏ်၏ အစုရှယ်ယာပိုင်ဆိုင်သူများကိုသာ အမြတ်ဝေစု (Dividend) ခွဲဝေပေးမည်ဖြစ်ပါကြောင်း အစု ရှယ်ယာရှင်များ သိရှိနိုင်စေရန် ကြေငြာအပ်ပါသည်။

(၂၀၁၈ - ၂၀၁၉) ဘဏ္ဍာရေးနှစ်နှင့်သာ အကျုံးဝင်မည့် ၂၀၁၈ ခုနှစ်၊ ( ဩဂုတ် ) လ၊ (၂၈) နေ့မှ စတင်၍ ဝယ်ယူမည့် အစုရှယ်ယာများသည် (၂၀၁၇ - ၂၀၁၈) ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့်အမြတ်ဝေစု (Dividend) များကို ခံစားခွင့်မရှိကြောင်း အသိပေးအပ်ပါသည်။

အမြတ်ဝေစုထုတ်ဝေပေးမည့် အစီအစဉ်အား အချိန်နှင့်တပြေးညီ ထပ်မံ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| အကြောင်းအရာ | ရက်စွဲ |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရှိမည့် အစုရှယ်ယာဝယ်ယူရမည့် နောက်ဆုံးရက် | ၂၇.၀၈.၂၀၁၈ |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ၂၈.၀၈.၂၀၁၈ |
| အတည်ပြုမည့်ရက် | ၃၀.၀၈.၂၀၁၈ |
| နှစ်ပတ်လည်အထွေထွေအစည်းအဝေး | ၂၂.၀၉.၂၀၁၈ |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | အချိန်နှင့်တပြေးညီ ထပ်မံကြေညာပါမည်။ |

ဒါရိုက်တာအဖွဲ့ အမိန့်အရ

( ဒေါက်တာသောင်းဟန် )
အမှုဆောင်အရာရှိချုပ်